**JUSTICE FOR MYANMAR**

# စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနှင့်သစ်ကုန်သွယ်မှုကို အမေရိကန်ဒဏ်ခတ်ပိတ်ဆို့မှုများက တားဆီးမပေးနိုင်သေး

*မြန်မာ့သစ်တင်သွင်းမှုကို ပိတ်ပင်ရန် Justice For Myanmar တောင်းဆို*

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁၁) ရက်၊ မြန်မာ** - အမေရိကန်ပြည်ထောင်စုအတွင်းရှိ ကုမ္ပဏီများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်၏ စစ်အာဏာသိမ်းကြိုးပမ်းခဲ့စဉ်မှစ၍ မြန်မာနိုင်ငံမှ ကျွန်းသစ် ၁၆၀၀ တန်နီးပါးကို တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း တရားမဝင်စစ်ကောင်စီအတွက် အကျိုးအမြတ်ရရှိစေမည့် မြန်မာ နှင့် ကုန်သွယ်မှုများကို ပိတ်ပင်ရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်ပပိုင်ဆိုင်မှုပစ္စည်းထိန်းချုပ်ရေးရုံး (OFAC) က ပစ်မှတ်ထားဒဏ်ခတ်အရေးယူမှုအများအပြားကို ပြဌာန်းခဲ့သည်။

သစ်တင်ပို့မှုအတွက် ပုဂ္ဂလိကကုမ္ပဏီများအား သစ်လေလံရောင်းချပေးပြီး မြန်မာနိုင်ငံရှိ သစ်ရောင်းဝယ်မှုများကို အဓိကစီမံခန့်ခွဲရသည့် နိုင်ငံပိုင် မြန်မာ့သစ်လုပ်ငန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ ကို ပြဌာန်းခဲ့သည်။

မြန်မာ့သစ်လုပ်ငန်းမှတဆင့် အခွန်အခအမျိုးမျိုးကောက်ယူခြင်းဖြင့် စစ်ကောင်စီက သစ်တင်ပို့မှုဝင်ငွေအားလုံး၏ များပြားသည့် ရာခိုင်နှုန်းတစ်ခုကိုရယူပြီး အဆိုပါဝင်ငွေများသည် မြန်မာပြည်သူများအပေါ် ၎င်းတို့၏ အကြမ်းဖက်စစ်ဆင်ရေးအတွက် ငွေကြေးထောက်ပံ့ရာတွင် အပံ့အပိုးဖြစ်စေသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း မြန်မာစစ်တပ်က လက်နက်မဲ့အရပ်သားပြည်သူ ၁၄၀၀ ကျော်အား သတ်ဖြတ်ခဲ့ပြီး၊ ၁၁,၀၀၀ ကျော်အား ဖမ်းဆီးထောင်ချခဲ့သည်။

ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားသော်လည်း ကမ္ဘာ့ကုန်သွယ်ရေးအချက်အလက်များ စုစည်းဖော်ပြသည့် Panjiva ထံမှ အချက်အလက်များအရ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီမှ

နိုဝင်ဘာလကုန်အထိ အမေရိကန်စီးပွားရေးလုပ်ငန်းများက မြန်မာပြည်မှ သစ်တင်သွင်းမှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

သစ်တင်သွင်းမှုများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့မှ နိုဝင်ဘာလ (၃၀) ရက်နေ့အတွင်း မတူညီသည့် ကုန်တင်ပို့မှု (၈၂) ခုဖြင့် ရောက်ရှိခဲ့ပြီး တင်သွင်းသည့်သစ်များတွင် သင်္ဘော တည်ဆောက်ရေး၊ အဆောက်အဦးပြင်ပအလှဆင်ရေးနှင့် ပရိဘောဂလုပ်ငန်းများအတွက် အသုံးပြု သည့် ကျွန်းသစ်ပျဉ်များနှင့် ဖြတ်စများ သည် အများစုပါဝင်သည်။

East Teak Fine Hardwoods, J. Gibson McIlvain, Kingsley Bate Warehouse, Lumberbest, World Panel Products နှင့် အခြားသောကုမ္ပဏီများအပါအဝင် အမေရိကန်သစ်လက်ကား ရောင်းချ သူများနှင့် သစ်အခြေခံထုတ်လုပ်သူအများအပြား ပါဝင်ပတ်သက်နေသည်။

တွေ့ရှိသည့်အချက်အလက်များအရ အဆိုပါကုမ္ပဏီများသည် ကုန်သွယ်မှုကို ကြားခံပွဲစားများမှ တဆင့် ဆောင်ရွက်ကာ မြန်မာ့သစ်လုပ်ငန်းအား သွယ်ဝိုက်ဆက်နွယ်ခြင်းဖြင့် ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများကို ရှောင်ရှားလျက်ရှိကြောင်း ပြသနေသည်။

အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းမှုများအတွက် လိုအပ်သည့် စာရွက်စာတမ်းကိစ္စများတွင် ကြားခံပွဲ စားများ၏ အသေးစိတ်အချက်အလက်များသာ ပါဝင်ဖွယ်ရှိပြီး၊ ထိုအချက်က တရားမဝင်တင်သွင်းမှုများ ကို အမေရိကန်အာဏာပိုင်များ၏ စိစစ်ရေးရေဒါများအောက်မှ ကျော်ဖြတ်ရန် ခွင့်ပြုပေးအပ်နေခြင်း ဖြစ် နိုင်ပေသည်။

မြန်မာ့သစ်လုပ်ငန်းအပေါ် အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းခဲ့သည့် ဒဏ်ခတ်ပိတ်ဆို့မှုများ တွင် "ပိတ်ပင်ထားသည့် မည်သည့်ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးအမြတ်အတွက် သို့မဟုတ် ဘဏ္ဍာငွေများ၊ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ ရယူခြင်း သို့မဟုတ် ထည့်ဝင်ကူညီ ထောက်ပံ့မှုတစ်စုံတစ်ခု ပြုလုပ်ခြင်း" ကို တားဆီးထားသည်။

အရေးယူဒဏ်ခတ်ပတ်ဆို့မှုများသည် မြန်မာ့သစ်လုပ်ငန်းနှင့် ကုန်သွယ်မှုကို ပိတ်ပင်ရန်၊ မြန်မာ့သစ်လုပ် ငန်းက လေလံတင်ရောင်းချလိုက်သည့် မြန်မာနိုင်ငံမှ တင်ပို့သောသစ်များအား

ကုန်သွယ်ရောင်းဝယ်မှုကို ပိတ်ပင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သော်လည်း၊ အဆိုပါသစ်များကို တရားဝင်အားဖြင့် မည်သူက တင်ပို့သည်ဖြစ်စေ စစ်ကောင်စီအနေဖြင့် ထိုကုန်သွယ်ရောင်းဝယ်မှုများမှ ဘဏ္ဍာငွေများ ရရှိနေဆဲ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအတွင်းရှိ ကုမ္ပဏီများနှင့် မြန်မာ့သစ်လုပ်ငန်းတို့အကြား အဆိုပါသွယ်ဝိုက်ရောင်းဝယ်ကုန်သွယ်မှုသည် ယခုအဆင့်အထိ ပြည်ပပိုင်ဆိုင်မှုပစ္စည်းထိန်းချုပ်ရေးရုံးထံမှ ပြစ်ဒဏ်များကို တုန့်ပြန်ရရှိခဲ့ခြင်းမရှိသေးသော်လည်း၊ ယခုအချိန်တွင် အရေးယူဆောင်ရွက်ချက်များ အရေးတကြီး လို အပ်ပါသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** *"ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ထိရောက်ဖို့အတွက် အသက်ဝင်အောင် လုပ်ရပါမယ်။ မြန်မာ့သစ်လုပ်ငန်းအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ပြီးနောက်ပိုင်း အမေရိကန်ရဲ့ မြန်မာနိုင်ငံက သစ်တင်သွင်းမှုတွေကို စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ဖို့ OFAC ကို ကျွန်မတို့ တောင်းဆိုပါတယ်။* ***"တရားမဝင်စစ်ကောင်စီဆီ နောက်ထပ်အခွန်ဝင်ငွေတွေ ရောက်နေတာကို ကာကွယ်ဖို့အတွက် မြန်မာ့သစ်တင်သွင်းမှုအားလုံးကို ပိတ်ပင်ဖို့ အမေရိကန်အစိုးရကို ကျွန်မတို့ တောင်းဆိုပါတယ်"***

*"မြန်မာနိုင်ငံက သစ်တွေကို ဆက်ပြီးရောင်းဝယ်ကုန်သွယ်နေတာက ကလေးသူငယ်တွေကို အဆင်ခြင်မဲ့ သတ်ဖြတ်တာတွေအပါအဝင် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အရေးယူမခံရပဲ အလုံးစုံလွတ်လွတ်ကင်းကင်းနဲ့ ကျူးလွန်နေတဲ့ တရားမဝင်စစ်ကောင်စီကို ပံ့ပိုးပေးနေတာပါ"*

*"မြန်မာနိုင်ငံမှာရှိတဲ့ စစ်တပ်ထိန်းချုပ်ထားတဲ့ လုပ်ငန်းတွေဆီက တင်သွင်းမှုတွေကို အခုလိုပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုတွေကတဆင့် အမေရိကန်ပြည်ထောင်စုနဲ့ တခြားသောနိုင်ငံတွေအနေနဲ့ တရားမဝင်စစ်ကောင်စီဆီ ဘဏ္ဍာငွေစီးဝင်မှုကို ဖြတ်တောက်နိုင်တဲ့ အခွင့်အာဏာ၊ ဒီဆိုးယုတ်တဲ့စစ်ကောင်စီကို အဆုံးသတ်ဖို့နဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ဖို့အတွက် မြန်မာပြည်သူတွေရဲ့ ရုန်းကန်လှုပ်ရှားမှုကို ကူညီဖို့ အခွင့်အာဏာတွေ ရှိကြပါတယ်" ဟု* ပြောကြားခဲ့သည်။

JUSTICE FOR MYANMAR

**အယ်ဒီတာများသို့မှတ်ချက်**

အမေရိကန်ပြည်ထောင်စုသို့ မြန်မာ့ကျွန်းသစ်ကုန်သွယ်မှုအကြောင်း ကျွန်ုပ်တို့၏သတင်းဆောင်းပါးကို ယခုနေရာတွင် ကြည့်ရှုပါ။
www.justiceformyanmar.org/stories/us-companies-imported-nearly-1-600-tonnes-of-myanmar-teak-circumventing-sanctions

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေးအတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ်စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

ထပ်မံသိရှိလိုပါက -
ရတနာမောင်
အီးမေးလ် - media@justiceformyanmar.org
ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/
ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/
တွစ်တာ - @justicemyanmar
ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/